# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 15, 2020 | Volume 33, Number 11

**၁၅.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၇ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၀/- ကျပ် |
| CBM Rate | = ၁၃၇၈.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၆.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၄.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## COVID-19 ကာလနှင့် အလွန်ကာလတွင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ အရှိန်မပျက်စေရန် အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်မှုမြှင့်တင်ရေးဆောင်ရွက်ရမည်ဟု ပြည်ထောင်စုဝန်ကြီးပြောကြား



COVID-19 ကာလနှင့် COVID-19 အလွန်ကာလများတွင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက်စေရန် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ COVID-19 ကာလနှင့် COVID-19 အလွန်ကာလများတွင် ရိက္ခာထုတ်လုပ်သည့်နိုင်ငံဖြစ်စေရေးဆောင်ရွက်ရန် လမ်းညွှန်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် COVID-19 အလွန်ကာလတွင် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အခွင့်အလမ်းများရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဇွန် ၁၆ ရက်က ပြောကြားသည်။ “ မြန်မာနိုင်ငံနဲ့ စားနပ်ရိက္ခာဖူလုံတဲ့နိုင်ငံဖြစ်သလို ပြည်ပကိုလည်း တင်ပို့ရောင်းချနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ရှိပြီးသားအခွင့်အလမ်းတွေကို အကျိုးရှိအောင် အသုံးချပြီးတော့ ခေတ်မီစိုက်ပျိုးရေးစနစ်နဲ့ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်


ရမှာဖြစ်ပါတယ်။ အမျိုးသားစီးပွားရေးစနစ်တစ်ခု တည်ထောင်ရာမှာ ကဏ္ဍာဘက်စုံကနေ တိုးတက်အောင်လုပ်ဖို့က အရေးကြီးပါတယ်။ ဒါပေမဲ့ အခုလိုကာလ ကပ်ရောဂါကြုံတွေ့နေချိန်မှာ နိုင်ငံရိက္ခာဖူလုံရေးအပြင် ပို့ကုန်အဖြစ်တင်ပို့နိုင်မယ့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း က ပြောကြားသည်။ “မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အပြင် COVID-19 အလွန်ကာလမှာ ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အခွင့်အလမ်းတွေလည်း အများကြီးရှိတယ်လို့ မြင်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

COVID-19 ကြောင့် လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်ဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ အသေးစား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်သည့် ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) အရ လယ်ယာကဏ္ဍတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍမှ ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

လယ်ယာကဏ္ဍကြီးတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့နိုင်ရန်၊ ဈေးကွက်ဝင် အထွက်ကောင်းမျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ရန်၊ ငါး၊ ပုစွန်တိုးချဲ့မွေးမြူနိုင်ရန်နှင့် နည်းပညာအဆင့်မြှင့်တင်ရန်တို့ကို မျှော်မှန်းထားကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ လူဦးရေ၏ရာခိုင်နှုန်း ၇၀ သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိပြီး၊ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျှော်မှန်းချက်ပြည့်မီလွှမ်းခြုံနိုင်မည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမူဝါဒကို ပြင်ဆင်ရေးဆွဲခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/182764

## Myanmar Online Expo Park မှ Online Exhibition ကျင်းပနိုင်တော့မည်




ကမ္ဘာ့နိုင်ငံများသည် COVID-19 ၏ကပ်ရောဂါကြောင့် မိမိတို့အသက်ရှင် ရပ်တည်ရေးအတွက် နည်းလမ်းရှာဖွေရင်း ကာကွယ်ထိန်းချုပ်မှုကိုလည်း တဖက်က ပြုလုပ်နေကြရသည်။ COVID-19 သည် ကမ္ဘာ့စီးပွားရေးကို များစွာထိခိုက်စေခဲ့သလို မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အသိုက်အဝန်းဝင် နိုင်ငံများနည်းတူကပ်ရောဂါရဲ့ သက်ရောက်မှုတွေကို ရင်ဆိုင်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများသည် COVID-19 ကို ရင်ဆိုင်ရင်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်းတွေကို (New Normal) ပုံစံသစ်၊ စနစ်သစ်ဖြင့် ကျော်လွှားနေကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် COVID-19 မဖြစ်မီက ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းမှာ အရေးပါသည့် ကုန်စည်ပြပွဲများကို အပြည်ပြည်ဆိုင်ရာ အစိုးရ/ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း၊ ပြည်တွင်းကုန်စည်ပြပွဲများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကို ဖိတ်ကြား၍လည်းကောင်း၊ Business Matching များ၊ ဆွေးနွေးပွဲများ ကျင်းပခြင်း ဖြင့်လည်းကောင်း ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

COVID-19 ကြောင့် စီးပွားရေးပုံစံပြောင်းလဲမှုများထဲမှာ ကုန်စည်ပြပွဲ၊ ဆွေးနွေးပွဲများကိုလည်း ပုံစံပြောင်းလဲ ကျင်းပပြုလုပ်ရန် ကမ္ဘာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့များက နားလည်လာခဲ့ကြပါသည်။ ထို့ကြောင့်လည်း ၎င်းတို့၏ Expo များ ၊ ဖိုရမ်များကို Online မှ ပြုလုပ်နိုင်ရေးအတွက် Digital Platform ကို အသုံးပြုလာခဲ့ကြသည်။ ထိုင်းနိုင်ငံ Department of International Trade Promotion (DITP)၊ တရုတ်နိုင်ငံ China Foreign Trade Center တို့သည်လည်း နှစ်စဉ်ကျင်းပနေကျ ကုန်စည်ပြပွဲများကို Online မှ ပြောင်းလဲကျင်းပလျက် ရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့်လည်း COVID-19 ကာလကြောင့် Physical Exhibition များ မလုပ်နိုင်မီ မိမိတို့ကုန်စည်များကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်အတွင်းသို့ ချိတ်ဆက်ပေးနိုင်မည့် Myanmar Online Expo Park ကို Cyber King Co.,Ltd ၏နည်းပညာ ပံ့ပိုးကူညီမှုနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

Myanmar Online Expo Park သည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှတည်ထောင် ထားသော မြန်မာနိုင်ငံ၏ ပထမဆုံး Online Exhibition Platformအဖြစ်ပေါ်ထွက်လာမည်ဖြစ်သလို နိုင်ငံတကာမျက်နှာစာသို့ MOEP Platform မှတဆင့်မြန်မာ့ထွက်ကုန်များကို မိတ်ဆက် ပေးနိုင်တော့မည်ဖြစ်ကြောင်းသတင်းရရှိပါသည်။

**Source:** မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(**MITC**)

## ကျပ်ခြောက်ဘီလီယံအသုံးပြုပြီး ငါးမွေးကန် ဧကတစ်သိန်းခွဲအတွက် ငါးမျိုးစိတ်ထောက်ပံ့မည်



COVID-19 ကြောင့် ထိခိုက်နေသော ငါးလုပ်ငန်းကဏ္ဍမှ ငါးမွေးမြူရေးကန် ဧကတစ်သိန်းခွဲကို ကျပ်ခြောက်ဘီလီယံအသုံးပြု၍ ငါးမျိုးစိတ်ထောက်ပံ့မှု လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးမြင့်ဇင်ထူးကပြောသည်။ ငါးမျိုးစိတ်ထောက်ပံ့မှုကို ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာတွင် အပြီးဆောင်ရွက်မည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ငါးမျိုးစိတ်ထုတ်လုပ် ရေးစခန်း ၂၇ ခုမှ သားပေါက်များကို ဖြန့်ဝေသွားမည်ဖြစ်ကာ လုံလောက်မှုမရှိပါက ပြင်ပမှတင်ဒါခေါ်ယူ ဆောင်ရွက် ပေးမည်ဟု ၎င်းကဆိုသည်။

"ငွေလက်ထဲမရောက်သေးဘူး။ အဆင့်ဆင့်တော့ ခွင့်ပြုပြီးသွားပြီ။ ငွေတွေရောက်လာရင် တိုင်းနှင့်ပြည်နယ်အလိုက် လွှဲပေးလို့ ရပြီ။ အခုက ကြိုတင်ပြင်ဆင်နေတယ်။ လုပ်ငန်းရှင်တွေ ဘာတွေလိုအပ်တယ်။ ပြီးတော့ တင်ဒါခေါ်ရမယ့်အပိုင်းတွေ ညှိနှိုင်း နေတယ်" ဟု ဦးမြင့်ဇင်ထူးကပြောသည်။ထောက်ပံ့မည့် ငါးကန်ဧက တစ်သိန်းခွဲအနက် ဧကအများဆုံး ရှိနေသည့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီအတွက်မှ တင်ဒါခေါ်ယူရမည်ဖြစ်ပြီး အခြားတိုင်းနှင့်ပြည်နယ်များအတွက်မှ ငါးမျိုးစိတ်ထုတ်လုပ်ရေး စခန်းများမှ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ "ထောက်ပံ့ပေးမယ့် အပိုင်းတွေ အတွက်ကတော့ သိထားရ တယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်တယ်။ ဒါပေမဲ့ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ဖို့လည်း တောင်းဆိုချင်ပါတယ်"ဟု မြန်မာ နိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

COVID ကာလအတွင်း မွေးမြူရေးကဏ္ဍ ထိခိုက်မှုအတွက် ပြန်လည်ကုစားရေးလုပ်ငန်းများတွင် ရေရှည်စီမံကိန်းများ ထည့်သွင်းထားပြီး တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ အအေးခန်းသိုလှောင်ရုံများတည်ဆောက်ရန် ပြင်ဆင်နေကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းကဆိုသည်။ "ကိုဗစ်ကာလအတွင်းမှာ မွေးမြူရေး ကဏ္ဍထွက်ပစ္စည်းတွေ ထုတ်လုပ်နိုင်တာမှန်ပါတယ်။ သို့သော် စနစ်တကျသိုလှောင်မှုမရှိတဲ့အတွက် ပျက်စီးမှုအနည်းအကျဉ်း ရှိခဲ့တယ်။ ဒါကြောင့် ထိန်းသိမ်းမှုစနစ်ကောင်းမွန်ဖို့ ပြင်ဆင်တာဖြစ်တယ်" ဟု ၎င်းကပြောသည်။ အဆိုပါလုပ်ငန်းအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာလေးသန်းချေးငွေရယူထားပြီး ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် တည်ဆောက် မည်ဖြစ်သည်။

**Source:** https://7day.news/detail?id=192285

## လာမည့်ဘဏ္ဍာနှစ် ဂျီဒီပီ ၆ ရာခိုင်နှုန်းရှိမည်ဟု အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင်ဖော်ပြ

လာမည့် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏စီးပွားရေးတိုးတက်နှုန်း (GDP) သည် ၆ ရာခိုင်နှုန်းရှိမည်ဟု ၂၀၂၀-၂၁ အမျိုးသား စီမံကိန်းဥပဒေကြမ်းတွင်ဖော်ပြထားသည်။ ဥပဒေကြမ်းတွင် စီးပွားရေးတိုးတက်နှုန်းကို ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) ဟု ခေါ်ဆိုပြီး ယခု ဘဏ္ဍာနှစ် GDP တိုးတက်နှုန်း ၇ ရာခိုင်နှုန်းခန့်မှန်းထားပြီးနောက် COVID-19 ဂယက်ကြောင့် လာမည့်ဘဏ္ဍာနှစ်ကို ၆ ရာခိုင်နှုန်းဟု ခန့်မှန်းခြင်းဖြစ်သည်။

သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများကို လက်ရှိ ဘဏ္ဍာနှစ်ထက် လာမည့်ဘဏ္ဍာနှစ်တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဟု ထိုဥပဒေ ကြမ်းတွင် ဖော်ပြထားသည်။ ကဏ္ဍ ၁၄ ခုအနက် ထိုကဏ္ဍ လေးခုမှအပ ကျန်ကဏ္ဍများတွင် တိုးတက်နှုန်းကျဆင်းမည်ဟု ဥပဒေကြမ်းတွင် ဖော်ပြထားသည်။

လျှပ်စစ်ကဏ္ဍတွင် လက်ရှိဘဏ္ဍာနှစ် ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မည်ဟုဆိုထားပြီး လာမည့်ဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် ၁၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်မည်ဟု အမြင့်ဆုံးခန့်မှန်းထားသည်။ စွမ်းအင်ကဏ္ဍတွင် သုည ဒသမ ၃ ရာခိုင်နှုန်းသာ တိုးတက်နိုင်မည်ဟု ဥပဒေကြမ်းတွင်ဖော်ပြထားသည်။ ဝန်ဆောင်မှုကဏ္ဍတွင်လည်း လက်ရှိနှစ်အတွက် ၁၂ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟုဆိုခဲ့သော်လည်း လာမည့် ဘဏ္ဍာနှစ်တွင် ၉ ဒသမ ၃ ရာခိုင် နှုန်းသာ ရှိမည်ဟုဆိုထားသည်၊ ကုန်သွယ်မှု၊ စက်မှုလက်မှုကဏ္ဍများတွင်လည်း တိုးတက်နှုန်းကျဆင်းမည်ဟု ဥပဒေကြမ်းတွင်ဖော်ပြထားသည်။ “ဒီကိုဗစ်ကာလအလွန်မှာ စီးပွားရေးပြန်တက်ဖို့က အတော့်ကိုရုန်းကန်ရဦးမယ်၊ နောက်ပြီးရွေးကောက်ပွဲလည်းရှိနေတယ်။ ဒါကြောင့် တိုးတက်နှုန်းကျတာ” ဟု စီးပွားရေးလုပ်ငန်းရှင် ဦးအေးထွန်းကပြောသည်။

မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းသည် ယခုဘဏ္ဍာနှစ်တွင် သုည ဒသမ ၅ ရာခိုင်နှုန်း သာရှိတော့မည်ဟု ၂၀၂၀ ဇွန်လ ၂၅ ရက်တွင် ကမ္ဘာ့ဘဏ်ကပြောင်းလဲခန့်မှန်းထားသည်။ ကမ္ဘာ့ဘဏ်က ဇွန်လဆန်းတွင်ထုတ်ပြန်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမျှော်လင့်ချက်ဟူသော အစီရင်ခံစာတွင် မြန်မာ့စီးပွားရေးတိုးတက်နှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိမည်ဟုဖော်ပြခဲ့ဖူးသည်။ ထိုခန့်မှန်းချက်သည် ပြက္ခဒိန်နှစ်အလိုက် ၂၀၂၀ ပြည့်နှစ်ကို ခန့်မှန်းခြင်းဖြစ်ပြီး ယခု သုည ဒသမ ၅ ရာခိုင်နှုန်းသည် အစိုးရ၏ ဘဏ္ဍာနှစ်အလိုက်ခန့်မှန်းခြင်းဖြစ်သည်။ ထိုတိုးတက်နှုန်းသည် ၁၉၉၁ နောက်ပိုင်း နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံး တိုးတက်နှုန်းဖြစ်လာသည်။

ထို့အပြင် ကပ်ရောဂါ ဆက်လက်ရှည်ကြာလာလျှင် စီးပွားရေးကျဆင်းမည့်နှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်းထိရှိလာမည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ ၁၉၉၁ တွင် နိုင်ငံစီးပွားရေးသည် သုညဒသမ ၆၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ယေဘုယျခန့်မှန်းချက်အရ ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမည်ဆိုပါက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၀၂၀- ၂၁ ဘဏ္ဍာနှစ်တွင် ၇ ဒသမ၂ ရာ ခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။

**Source:** https://7day.news/detail?id=192311

## ဘဏ္ဍာနှစ် ၁၀ လအတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၈ ဘီလီယံကျော်ရရှိ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ ကျော်ရရှိထားပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်အထိ မြန်မာနိုင်ငံ မှ ပို့ကုန် အမေရိကန်ဒ ေါ်လာ ၁၃ ဒသမ ၂ ဘီလီယံကျော်တင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော် ဝင်ရောက်ခဲ့သောကြောင့်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်ရှိခဲ့ကြောင်းသိရသည်။

ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံပိုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်၊ တိရိစ္ဆာန်ထွက်ကုန်၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်အစရှိသော ထုတ်ကုန်များကို တင်ပို့လျက်ရှိကြောင်းသိရသည်။ ယင်းတို့ကို နိုင်ငံပေါင်း ၈၀ ခန့်ဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့ဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/

## ပြည်တွင်းဈေးကွက်အတွင်း တရားမဝင် ဝင်ရောက်နေသည့် စားသောက်ကုန်အချို့ မူရင်းဈေးထက် လျှော့ချရောင်းနေခြင်းကြောင့် အမျိုးအစားတူ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ အခက်တွေ့နေဟုဆို



ပြည်တွင်းဈေးကွက်အတွင်း၌ တရားမဝင် ဝင်ရောက်နေသည့် စားသောက်ကုန်အချို့ မူရင်းဈေးထက် ဈေးနှုန်းလျှော့ချရောင်းနေခြင်းကြောင့် အမျိုးအစားတူ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ အခက်အခဲဖြစ်နေကြောင်း ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များထံမှသိရသည်။ " ပြောရမယ်ဆိုရင် ဒီဟာက Cargo အနေနဲ့ သူတို့က သွင်းလာတာ တစ်ကယ်တမ်းတော့ တစ်ခုခုပေါ့နော် ၊ အခွန်များမယ့် ပစ္စည်းတွေကို သွင်းလာတာ။ သူတို့က အဲ့ကောင်တွေကို ရှောင်ချင်တော့ အပြင်ကနေ အမည်တစ်ခုနဲ့ ကြာဆန်ကို Cargo အနေနဲ့ ဖုံးလာတာဗျ။ ဒီကုန်တွေကို သူတို့အမြတ်ရလို့မဟုတ်ဘူး။ Cargo အနေနဲ့ဖုံးလာတယ်။ အတွင်းမှာ တန်ဖိုးရှိပစ္စည်းတွေပါတယ်။ ပြီးတော့မှ ဒီဘက်မှာ ငွေပြန်ဖော်တဲ့သဘောနဲ့ ဟိုဘက်ထက် ဈေးသက်သာတဲ့ ဈေးနှုန်းနဲ့ရောင်းချတယ်။ တကယ်တမ်းဆိုရင် ဒါမျိုးတွေကို အရေးယူပေးမယ်ဆိုရင်တော့ တရားမဝင် ဝင်လာတဲ့ဟာတွေ သေသေချာချာအရေးယူပေးမယ်ဆိုရင် ပြည်တွင်းက လုပ်ငန်းတွေလည်း အသက်ရှူချောင်မယ်ပေါ့။ ကျွန်တော်တို့ ထုတ်ကုန်မှမဟုတ်ပါဘူး။ တရုတ်ဘီယာတို့ ဘာတို့ဆိုလည်း အဲလိုပြဿနာလေးတွေရှိတယ်ပေါ့နော်" ဟု ပြည်တွင်း စက်မှုကုန်ထုတ်လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

လက်ရှိတွင် ထိုင်းနိုင်ငံမှ တင်သွင်းသော အမှတ်တံဆိပ်တစ်ခုရှိသည့် ကြာဆန်၏ ဈေးနှုန်းသည် ထိုင်းနိုင်ငံမဲဆောက်မြို့တွင် ရောင်းချသောဈေးထက် ရန်ကုန်မြို့တွင် ရောင်းချနေသော ဈေးနှုန်းမှာလျော့ကျနေကြောင်းသိရသည်။ ထိုင်းနိုင်ငံမဲဆောက်မြို့ရှိ Super Market တွင် ရောင်းချသော အဆိုပါကြာဆန်တစ်ဘူး၏ ဈေးနှုန်းမှာ ၁၄၂ ဘတ် ဖြစ်ရှိသည်။ ငွေလဲလှယ်နှုန်းမှာ တစ်ဘတ်လျှင် ၄၅ ကျပ်ခန့်ဖြစ်သောကြောင့် တစ်ဘူးလျှင် ကျပ် ၆၃၅၀ ကျော် အထိရှိသည်။ သို့သော် ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ဈေးနှုန်းမှာ တစ်ဘူးလျှင် ကျပ် ၆၁၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်းသိရသည်။ ထို့ကြောင့် ပို့ဆောင်ခ၊ အခွန်ပေးဆောင်မှုများ ပေါင်းပြီး ရှိသင့်ရှိထိုက်သော ဈေးနှုန်းများထက် များစွာလျော့နည်းပြီး ရောင်းချလျက်ရှိကြောင်းသိရသည်။

ပြည်ပနိုင်ငံ ထုတ်ကုန်များနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများတွင် တရားမဝင် ဝင်ရောက်နေခြင်းများက ပြည်တွင်းစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိကြောင်း၊ အဆိုပါကိစ္စရပ်များအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အစိုးရမှ တတ်နိုင်သရွေ့ ဖြေရှင်းပေးသွားရမည်ဖြစ်ကြောင်း ဇူလိုင် ၇ ရက်က ပြုလုပ်သည့် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲအစီအစဉ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/182767

## အခွန်ဖြေလျှော့ခြင်းက ငွေကြေးခဝါချမှုကို အထောက်အကူဖြစ်စေကြောင်း နိုင်ငံတကာအဖွဲ့အစည်းများ ထောက်ပြဟုဆို



အခွန်နှုန်းထား ဖြေလျှော့ခြင်းက ငွေကြေးခဝါချမှုကို အထောက်အကူဖြစ်စေသည်ဟု နိုင်ငံတကာအဖွဲ့အစည်းများက ဝေဖန်ထောက်ပြမှုများရှိနေကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဇူလိုင် ၁၃ ရက် ပြည်ထောင်စုလွှတ်တော်တွင်ပြောကြားသည်။

မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ငွေကြေးခဝါချမှုဆိုင်ရာ အရေးယူအဖွဲ့၏ စံနှုန်းများကိုလိုက်နာရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစာရင်းတွင် ၂၀၁၆ ၌

မီးခိုးရောင်အဆင့်မှ လွတ်ခဲ့သော်လည်း ၂၀၁၉ တွင် ယင်းအဆင့်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ အခွန်နှုန်းထား ဖြေလျှော့ပေးခြင်းသည် ငွေကြေးခဝါချမှုကို အားပေးသကဲ့သို့ဖြစ်နေပြီး အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲခတ်ရာတွင်လည်း ရလဒ်ပိုင်းဆိုးရွားစေခဲ့သဖြင့် အခွန်သက်သာခွင့်ကို ပယ်ဖျက်ရခြင်းဟု ဒုတိယဝန်ကြီးကပြောသည်။

ယခင်နှစ် စတင်ခွင့်ပြုချိန်ကလည်း တစ်နှစ်သက်တမ်းအတွင်းသာ ခွင့်ပြုရန် လွှတ်တော်ကိုတင်ပြခဲ့ပြီး လွှတ်တော်တွင်လည်း အခွန်သက်သာခွင့်နှင့် ပတ်သက်၍ ဆွေးနွေးပြီး မဲခွဲဆုံးဖြတ်ခဲ့ရသည်။ ထို့အပြင် ၂၀၁၉-၂၀ ပြည်ထောင်စုအခွန်အကောက်ဥပဒေ ပုဒ်မ ၂၅ (ခ) နှင့် (ဂ)များ ထပ်မံ ဖြည့်ထားပြီး အခွန်ကင်းလွတ်ခွင့် တစ်နှစ် သက်တမ်းသာခွင့်ပြုမည်ဟု ဖော်ပြထားသည်ဟု ၎င်းက ဆိုသည်။ COVID-19 ကပ်ရောဂါ ဖြစ်နေချိန် အစိုးရက ခွင့်ပြုပေးထားသော ဝင်ငွေခွန်သက်သာခွင့်ကို လာမည့်ဘဏ္ဍာနှစ်တွင် ပယ်ဖျက်မည့် အစိုးရ၏အစီအစဉ်က ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြား ဝေဖန်မှုများ ထွက်ပေါ်လာကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် အိမ်၊ ခြံ၊ မြေ၊ ကား စသောပစ္စည်းများ တရားဝင် ဝယ်ယူမည်ဆိုပါက အနည်းဆုံး အခွန် ၃ ရာခိုင်နှုန်းသာ ပေးဆောင်ရန် ဝင်ငွေခွန် သက်သာခွင့်ပြုပေးခဲ့သည်။ ထို သက်သာခွင့်ကြောင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများလည်ပတ်မှုမြန်ဆန်ပြီး စီးပွားရေး အရှိန်အဟုန် ကောင်းလာမည်ဟု လုပ်ငန်းရှင်များက မျှော်လင့်ခဲ့ကြသည်။ သို့သော် ပြီးခဲ့သည့်မတ်လတွင် COVID-19 ကပ်ရောဂါ မြန်မာနိုင်ငံသို့ ရောက်ရှိလာချိန် ပြည်တွင်းစီးပွားရေး ကျဆင်းထိ ခိုက်ခဲ့ရသည်။

"အစိုးရပေးထားတဲ့ တစ်နှစ်ခံစားခွင့်က ကျွန်တော်တို့ အပြည့်မရပါဘူး"ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်က ပြောသည်။ ဝင်ငွေခွန် သက်သာခွင့်သည် ၂၀၁၉ အောက်တိုဘာတွင် စတင်အသက်ဝင်သော်လည်း အစိုးရဌာနများ၏ ပြင်ဆင်မှုကြောင့် နိုဝင်ဘာမှ စတင်ခံစားခွင့်ရရှိသည်။ ထို့နောက် သုံး၊ လေးလကြာမြင့်ချိန်တွင် မြန်မာနိုင်ငံသို့ COVID ကပ်ရောဂါ ရောက်ရှိလာချိန်တွင် ဈေးကွက်များ ရပ်တန့်ခဲ့ ရသည်။

လက်ရှိအချိန်တွင် ပုံမှန်အခြေအနေကို ပြန်လည်မရောက်သေးသဖြင့် အခွန်သက်သာခွင့်က စီးပွားရေး လောကအတွက် ထိရောက်သောခံစားခွင့် မရခဲ့ကြောင်း ဦးမျိုးမြင့်ကပြောပြသည်။ ထို့ကြောင့် အခွန်သက်သာခွင့်ကို ၂ နှစ်မှ သုံးနှစ်အကြား ထပ်မံတိုးမြှင့်ပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။ "စီးပွားရေးလောကမှာတော့ တော်တော်ဂယက်ရိုက်နေတယ်" ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတွင် ဝင်ငွေခွန်သက်သာခွင့်ကို ပယ်ဖျက်လိုက်သော်လည်း အစိုးရအနေဖြင့် အခါအားလျော်စွာနှုန်းထားပြင်ဆင်ဖြေလျှော့မှုများ ခွင့်ပြုပေးနိုင်မည့်အခြေအနေမျိုးကို စီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်နေသည်ဟု ဒေါက်တာမောင်မောင်လေးက ပြောသည်။

**Source:** https://7day.news/detail?id=192284

## အသားနှင့်သားရေထုတ်ရန် စီးပွားဖြစ်မိကျောင်းမွေးမြူခွင့်ပြု





မြန်မာနိုင်ငံတဝန်းလုံး၌ မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်မျိုးများထဲတွင်ပါဝင်သော မိကျောင်းများကို စီးပွားဖြစ် မွေးမြူခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာန သစ်တောဦးစီးဌာနကသိရသည်။ အဆိုပါဝန်ကြီးဌာန၏ ဖွန်လ ၃ ရက်က ထုတ်ပြန်ကြေညာချက်အရ ရေငန်မိကျောင်း

မျိုးများ၊ အင်းမိကျောင်း (Mugger or Marsh) မိကျောင်းမျိုးများနှင့် Siamese ထိုင်းမိကျောင်းမျိုးများကို တိရစ္ဆာန် ဉယျာဉ်လုပ်ငန်း၊ စီးပွားဖြစ်ပြသခြင်း၊ အသားနှင့် အရေခွံထုတ်လုပ်ခြင်း(သားရေ) လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုသွားမည် ဖြစ်သည်။

တောရိုင်းတိရစ္ဆာန်များကို စီးပွားဖြစ် မွေးမြူခွင့်ပြုလိုက်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး စီးပွားရေး လုပ်ငန်းအမျိုးမျိုး အတွက် မွေးမြူနေမှုများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနထံကဆိုသည်။ ယခုလို စီးပွားဖြစ်မွေးမြူခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို စတင်ခွင့်ပြုပေးထားပြီဖြစ်သော်လည်း ခွင့်ပြုပေးသွားမည့် ပုံစံအသေးစိတ်၊ ထိုလုပ်ငန်းများကို လုပ်ကိုင်လို သူများအတွက် မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည့် အချက်များအပါအဝင် ခွင့်ပြုပေးသွားမည့် အခြေအနေကို နောက်ပိုင်းများ ဆက်လက် ကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါဌာနကထုတ်ပြန်ထားသည်။

ထိုသို့ မိကျောင်းများကို စီးပွားဖြစ်မွေးမြူပြီးအသားနှင့် အရေခွံ (သားရေ) ထုတ်လုပ်ရောင်းချခွင့်များရှိလာပါက လက်ရှိ အချိန်တွင် ထိန်းသိမ်းရေးနှင့်အများပြည်သူများ လာရောက်လေ့လာနိုင်ရန် ဖွင့်လှစ်ထားသော ရန်ကုန်မြို့ရှိ သာကေတ မိကျောင်းမွေးမြူရေးစခန်းကို စီးပွားဖြစ်ထုတ်လုပ်သည့်လုပ်ငန်းတခုအဖြစ် ပြောင်းလဲလုပ်ဆောင်သွားရန် အခြေအနေ ရှိလာပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ဒုညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ရောဝတီသို့ပြောသည်။ "ကျနော်တို့က မိကျောင်းတွေကို မျိုးခွဲတာတွေ မလုပ်နိုင်သေးတာကြောင့် သားရေ ရောင်းတာတို့ အသားရောင်းတာတို့ ဘာမှလုပ်လို့မရသေးတာ။ ကျနော်တို့က ဒီအတိုင်းမိကျောင်းတွေကို အစာကျွေး နေရတာတင် မနည်းဘူးဗျ။ ဒါတွေကိုဝိတ်လျှော့နိုင်ပြီး စီးပွားလုပ်လို့ရမယ်ဆိုရင် ပိုကောင်းတာပေ့ါ"ဟု ၎င်းကဆိုသည်။

လက်ရှိ ပြောင်းလဲပေးလိုက်သည့် မူဝါဒအပေါ်မူတည်ပြီး သာကေတမိကျောင်းမွေးမြူရေးစခန်းကို မိကျောင်းများ မွေးမြူခြင်း၊ အသားနှင့်သားရေထုတ်လုပ်ရောင်းချခြင်းများကို အတွေ့အကြုံရှိသော ပုဂ္ဂလိကကုမ္ပဏီများနှင့်လည်း အကျိုးတူ ပူးပေါင်းမည့် အခြေအနေမျိုးအထိဖြစ်လာနိုင်ကြောင်း ၎င်းကထပ်လောင်းပြောဆိုသည်။ လတ်တလောတွင် သာကေတ မိကျောင်းမွေးမြူရေးစခန်း၌ အကောင်ရေ ၅၁၁ ကျော်အထိ မွေးမြူထိန်းသိမ်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံက သိရသည်။

မျိုးသုဉ်းရန် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES) ၏ ပြဋ္ဌာန်းချက်များအရ မွေးမြူထားသည့် တိရစ္ဆာန်များနှင့်တိရစ္ဆာန်အစိတ်အပိုင်းများကို ထုတ်လုပ်ရောင်းချမည် ဆိုပါက မူလမွေးမြူထားသည့် တိရစ္ဆာန်၏ တတိယမျိုးဆက်ကိုသာ ထုတ်လုပ်ရောင်းချခွင့်ပြုပြီး တိုးပွားလာသည့် အကောင်ရေအပေါ် ဌာနကသတ်မှတ်ထားသည့် ရာခိုင်နှုန်းအတိုင်း သဘာဝနေရင်းဒေသများသို့ ပြန်လည်လွှတ်ပေးရမည် ဖြစ်သည်။

သဘာဝဝန်းကျင်နှင့်သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) တို့တွင် အကြီးတန်း Technical Coordinator အဖြစ် လုပ်ဆောင်ခဲ့ဖူးသော ဦးဝင်းကိုကိုက "ဒီလိုမျိုးက တခြားနိုင်ငံတွေမှာလည်း လုပ်နေကြ တာပဲ။ ဒီလိုမျိုးမွေးပြီး စီးပွားဖြစ်လုပ်လို့ရမယ်ဆိုတော့ ကောင်းပါတယ်။ ဒီအတိုင်း အစာကျွေးပြီး ထားထားမယ့် အတူတူ အမိုက်က ရွှေဖြစ်အောင်လုပ်သလိုမျိုးပေ့ါ" ဟု ရောဝတီသို့ပြောသည်။ ယင်းသို့ စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းများကို ခွင့်ပြု လိုက်ခြင်းကြောင့် သဘာဝအတွင်းမှရှိသော မိကျောင်းများကို တရားမဝင်သတ်ဖြတ်မှုများ မဖြစ်ပေါ်လာစေရန်အတွက် စည်းကမ်းစနစ်တကျလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းကအကြံပြုပြောဆိုသည်။

မြန်မာနှင့်အိမ်နီးချင်းနိုင်ငံတခုဖြစ်သည့် ထိုင်းနိုင်ငံသည် မိကျောင်းများကိုမွေးမြူပြီး ကမ္ဘာ့လှည့်ခရီးသွားများကို ဖျော်ဖြေခြင်း၊ အသားနှင့်သားရေထုတ်လုပ်ရေးလုပ်ငန်းများကို အကြီးအကျယ်လုပ်ဆောင်သောနိုင်ငံတခုဖြစ်ပြီး Sri Ayuthaya မိကျောင်းမွေးမြူရေးလုပ်ငန်းသည် ကမ္ဘာ့ပေါ်တွင် အကြီးဆုံးမိကျောင်းမွေးမြူရေးလုပ်ငန်းတခုဖြစ်သည်။ ထိုမွေးမြူရေးလုပ်ငန်းသည် သက်တမ်း ၃၅ ကျော် ရှိပြီဖြစ်သည်။ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံ၌ မိကျောင်းမွေးမြူရေး ခြံပေါင်း

၁၀၀၀ ကျော်အထိရှိနေပြီး မိကျောင်းကောင်ရေ ၁ သန်းကျော်သည် မွေးမြူထားပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချလျက်ရှိသည်။ မိကျောင်းမွေးမြူရေးလုပ်ငန်းများက ထွက်ရှိလာသောထုတ်ကုန်များကို တရုတ်ကအဓိကဝယ်ယူလျက်ရှိပြီး ဟောင်ကောင်၊ ထိုင်ဝမ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသည်လည်း အများဆုံးဝယ်ယူလေ့ရှိသည့် နိုင်ငံများဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်းက မိကျောင်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုများ ပြုလုပ်ခဲ့ပြီး ယင်းနောက် သဘာဝမှ မိကျောင်းများကို အလွန်အကျွံ ဖမ်းဆီးမှုများကြောင့် မျိုးသုဉ်းမည့် အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရပြီး ၁၉၉၄ ခုနှစ်တွင် ယင်းလုပ်ငန်းကို အစိုးရကရပ်ဆိုင်းခဲ့သည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းကိုမိကျောင်းများအတွက် ဘေးမဲ့ဇရိယာအဖြစ်သတ်မှတ်ပြီး ထိန်းသိမ်းရေး ပြုလုပ်ခဲ့ကာ၂၀၁၅ ခုနှစ် စာရင်းများအရ မိန်းမလှကျွန်းတွင် မိကျောင်းအကောင် ၁၁၀ ကျော် အထိရှိသည်။

**Source:** https://burma.irrawaddy.com/news/2020/07/14/226312.html

## ဝက်ရောဂါကြောင့် မွေးမြူသူများ ရပ်တည်ရန်ခက်ခဲနေ

အာဖရိက ဝက်အပြင်းဖျား ရောဂါ ဖြစ်ပွားမှုအပြင် ဝက်နာကျရောဂါများ ဖြစ်ပွားမှုများကြောင့် ဝက်မွေးမြူရေးလုပ်ငန်းအနေဖြင့် ရပ်တည်ဖို့ရာ ခက်ခဲနေပြီဖြစ်ကြောင်း ဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးအောင်စိုးမင်းက ပြောသည်။ “ဝက်ရောဂါတွေက စုံနေတယ်။ နောက် ကိုဗစ်နဲ့လည်း ပတ်သက်နေတဲ့အခါကျတော့ ဝက်သမားတွေက မိအေး အခါခါ နာနေတာ။ ဆက်လက်ပြီး ရပ်တည်ဖို့က ဌာနဆိုင်ရာတွေနဲ့ နိုင်ငံတော်အစိုးရအဆင့်အနေနဲ့ သတ်မှတ်ပြီးတော့မှ ဝက်မွေးမြူရေးကို ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါမှာ တိတိကျကျနဲ့ထိထိရောက်ရောက် အမှန်တကယ် ပံ့ပိုးကူညီမှ ရှေ့ ဆက်လို့ရမယ့် အနေအထားဖြစ်သွားပြီ” ဟု ၎င်းကဆိုသည်။

တိုင်းဒေသကြီးအချို့တွင် ရောဂါများကြောင့် ဝက်များခြံလုံးကျွတ်သေဆုံးမှုများ ဖြစ်ပွားနေပြီး အရောင်းအဝယ်ပြုလုပ်စရာ အကောင်ရေမရှိသည့် အခြေအနေကိုပင်ရင်ဆိုင်နေရကာ ဝက်သားဈေးကွက် ပျက်စီးမှုအခြေအနေကိုလည်း ကြုံတွေ့နေရကြောင်း ဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်းကလည်း ပြောသည်။ “ဌာနဆိုင်ရာတွေက ထိန်းချုပ်ပြီးတော့ အရေးယူနေတဲ့အခါ ဝယ်တဲ့သူတွေကလည်း ရမ်းပြီးမဝယ်ရဲဘူး။ ရောင်းတဲ့သူတွေကလည်း အခက်အခဲရှိနေတယ်။ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးက ဝက်တွေ ကုန်သလောက်ဖြစ်သွားပြီ။ ထုတ်ရောင်းဖို့ကို ကုန်သလောက်ဖြစ်သွားတာ။ ကျန်ခဲ့တဲ့ ခြံလေးတွေကလည်း ကူးစက်မှုမဖြစ်အောင် ရုန်းကန်နေရတဲ့ အခြေအနေမျိုးဖြစ်တဲ့အခါကျတော့ ဈေးသာပြောနေတာ အရောင်းအဝယ်က မရှိသလောက်ဖြစ်နေတာ” ဟုဆိုသည်။

ယခင်က ဝက်ခြံဖမ်းဈေးမှာ ၁ ပိဿာ ၆ ထောင်ကျော် ရှိပြီး ယခုတွင် တပိဿာ ၄ ထောင်နှင့် ၅ ထောင်ကြားသို့ ကျဆင်းသွားသည်။ ထို့ပြင် ဈေးကွက်၌ ရောင်းချနေသည့် ဝက်သားဈေးမှာ ယခင်က ၁ ပိဿာလျှင် ကျပ် ၁ သောင်းမှ ၁၅၀၀၀ အထိရှိခဲ့ပြီး ယခုအခါ ၁ ပိဿာ ၆ ထောင်နဲ့ ၇ ထောင်ကြားတွင်ရှိနေကြောင်းသိရသည်။ ပြီးခဲ့သည့် ရက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ဝက်ခြံတခု၌ အဆိုပါ ရောဂါပိုး တွေ့ရှိရာဝက်များ ခြံလုံးကျွတ်နီးပါး သေဆုံးကြရကြောင်း လွိုင်ကော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သိရသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါကို ကယားပြည်နယ်အပြင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း ရောဂါတွေ့ရှိခဲ့ပြီး ဝက်အများအပြား သေဆုံးမှုရှိခဲ့သည်။

အဆိုပါ အာဖရိက ဝက်အပြင်းဖျားရောဂါပိုးကို ထိန်းချုပ်နိုင်ရန်အတွက် ဝက်နှင့်ဝက်ထွက်ပစ္စည်း သယ်ယူပို့ဆောင်မှုများကို ထိန်းချုပ်ထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကာကွယ်ဆေးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိန်းမော်က ပြောသည်။ “တိုင်းနဲ့ပြည်နယ်ကျော်ပြီး ဝက်သယ်မယ်ဆိုရင် ကျန်းမာကြောင်း ထောက်ခံတဲ့ လက်မှတ်ရယ် ဝက်အပြင်းဖျားရောဂါ စစ်ဆေးပြီးမှပဲသွားလာရမယ်ဆိုပြီး ညွှန်ကြားချက်ထွက်ထားတယ်။ တိုင်းနဲ့ ပြည်နယ်တွေကို ကူးသန်းသွားလာမယ်ဆိုရင် ကျနော်တို့စိုးရိမ်တဲ့ ဝက်အပြင်းဖျား ရောဂါရှိ မရှိကို သွေးနမူနာဖောက်ပြီးတော့ ဓာတ်ခွဲခန်းကိုပို့မယ်။ ဓာတ်ခွဲခန်း အဖြေရပြီ ရောဂါကင်းစင်တယ်ဆိုမှ အဲဒါကျတော့မှ ခွင့်ပြုတာ” ဟု ၎င်းက ဆိုသည်။

ကူးစက်ရောဂါတမျိုးဖြစ်သည့် အာဖရိက ဝက်အပြင်းဖျား ရောဂါသည် မွေးမြူရေး သမားများအတွက် ရာနှုန်းပြည့် ဆုံးရှုံးနစ်နာသည့် ရောဂါမျိုးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်တွေအနေဖြင့် စိုးရိမ်ရေမှတ် အမြင့်ဆုံးရောက်နေပြီ ဖြစ်ကြောင်း

ဦးအောင်စိုးမင်းက ပြောသည်။ ဦးအောင်စိုးမင်းက “ဒီရောဂါကို ထိန်းချုပ်နိုင်ဖို့ ကြိုတင်ကာကွယ်ပြင်ဆင်နိုင်မှုအနေနဲ့ နည်းပါးတယ်ဆိုရင် တနိုင်ငံလုံးအတိုင်းအတာအနေနဲ့ ရာနှုန်းပြည့် ထိခိုက်ဆုံးရှုံးနစ်နာနိုင်တဲ့ အနေအထားမှာရှိပါတယ်” ဟု ပြောသည်။

ဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း အချက်အလက်များအရ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အာဖရိက ဝက်အပြင်းဖျားရောဂါအပြင် ဝက်နာကျရောဂါများကြောင့် ၂၀၂၀ နှစ်ဆန်းပိုင်းမှစ၍ ယခုချိန်ထိ ဝက်ကောင်ရေ ၁ သိန်းကျော်နီးပါး သေဆုံးမှုရှိခဲ့ကြောင်းသိရသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ဝက်ချေးနှင့်အညစ်အကြေးများ ကြားတွင် ၇ ရက်၊ ဝက်ခြံအတွင်း ၁ လနှင့် အေးခဲအသားတွင် ၅ နှစ်အထိ အသက်ရှင်နိုင်သော်လည်း လူသို့ကူးစက်ခြင်း မရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆိုသည်။ သို့သော် အဆိုပါရောဂါပိုးကို ကူးစက်ပျံ့နှံ့စေသည့်အကြောင်းရင်းမှာ လူ၏ပယောဂကြောင့်ဟုယူဆရပြီး ကယားပြည်နယ်ဖြစ်စဉ်တွင်လည်း ရောဂါပိုးရောက်ရှိလာရာ လမ်းကြောင်းတွင် ယင်းဖြစ်စဉ်ကိုတွေ့ရကြောင်း လွိုင်ကော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။ လွိုင်ကော်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူးဒေါက်တာစိုးညွန့်က “ရောဂါမဖြစ်ခင်မှာ သူတို့ခြံကို ဝက်သားပေါက်လေးတွေ လာကြည့်တဲ့ သူတွေရှိတယ်။ အဲဒီကနေဖြစ်တယ်လို့သုံးသပ်မိတယ်။ ရောဂါက လူကိုမကူးဘူးဆိုပေမယ့် ကူးစက်ရောဂါဖြစ်တဲ့ ခြံကို ဝက်ဝယ်တဲ့သူတွေက သွားမယ်၊ သူတို့ ဖိနပ်တွေမှာ ရောဂါပိုးပါလာတဲ့ အနေအထားမျိုးတွေဖြစ်နိုင်တယ်”ဟု ပြောသည်။

ဝက်မွေးမြူသူများအနေဖြင့် ဝက်ရောဂါများ မကျရောက်စေရန် ခြံအတွင်းဆေးဖျန်းခြင်းတို့အပြင် နီးစပ်ရာ ဆေးမြီးတိုများနှင့် ကုသပေးနေသော်လည်း ဝက်များအစုလိုက် အပြုံလိုက်ဖြစ်ပွားနေကြောင်းပြောဆိုကြသည်။ အာဖရိက ဝက်အပြင်းဖျား ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ ဖိလစ်ပိုင်စသည့် အာရှတဝှမ်းတွင် ကမ္ဘာတဝှမ်းဝက်ကောင်ရေ၏ လေးပုံတပုံ လျော့ကျနိုင်ကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

**Source:** https://burma.irrawaddy.com/news/2020/07/14/226297.html

## မြန်မာ့စိုက်ပျိုးထုတ်ကုန် အိန္ဒိယနဲ့တရုတ်ဘက် ပိုတင်ပို့နိုင်ဖို့မျှော်လင့်နေကြ



ကပ်ဘေးဒဏ်နဲ့ရာသီဥတုဒဏ်ခံနေရတဲ့ အိမ်နီးချင်းအိန္ဒိယနဲ့တရုတ်နိုင်ငံတွေကို မြန်မာနိုင်ငံကစိုက်ပျိုးထုတ်ကုန်တွေ တင်ပို့နိုင်မယ့် အလားအလာအပေါ် စီးပွားရေးကျွမ်းကျင်သူတွေရဲ့ ခန့်မှန်းချက်ကို ပြောပြပေးပါမယ်။ ဗွီအိုအေ မြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်က သတင်းပေးပို့ထားပါတယ်။ အိန္ဒိယနိုင်ငံကစိုက်ခင်းတွေမှာ ဒီလဆန်းပိုင်းက ကန္တာရကျိုင်းကောင်တွေကျလို့ အကြီးအကျယ်ထိခိုက်ခဲ့ရသလို တရုတ်နိုင်ငံမှာလည်း မိုးကြီးရေလျှံမှုတွေကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ ထိခိုက်နိုင်တယ်လို့ ခန့်မှန်းနေတာကြောင့် မြန်မာနိုင်ငံက စိုက်ပျိုးရေးထွက်ကုန်တွေ ပိုပြီးတင်ပို့နိုင်တော့မလား မျှော်လင့်ချက်တွေထွက်ပေါ်နေပါတယ်။

အိန္ဒိယက မြန်မာ့မတ်ပဲကို ဒီနှစ်တန်ချိန် ၄၀၀,၀၀၀ အထိ တိုးဝယ်ထားတာပါ။ ပဲစင်းငုံဝယ်ဖို့ရှိပေမဲ့ ဝယ်ယူမယ့်ပမာဏကိုတော့ တရားဝင်မကြေညာသေးပါဘူး။ COVID-19 ကပ်ရောဂါကူးစက်မှုတွေနဲ့ အကြီးအကျယ်ရင်ဆိုင်နေရတဲ့ အိန္ဒိယနိုင်ငံမှာ စိုက်ပျိုးရေးထွက်ကုန် လိုအပ်ချက်တွေရှိနိုင်တာကြောင့် မြန်မာနိုင်ငံက ဝယ်ယူနိုင်တယ်လို့လည်း ကုန်သည်တွေက မျှော်လင့်နေကြတာပါ။ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စီးပွားရေးသံမှူး ဦးနေအေးလွင်ကတော့ အိန္ဒိယနိုင်ငံရဲ့လိုအပ်ချက်အရ မြန်မာနိုင်ငံက စိုက်ပျိုးရေးထွက်ကုန်တွေကို ဝယ်ယူနိုင်တဲ့အလားအလာရှိတယ်လို့ပြောပါတယ်။ “အဲဒီတော့ မှန်းရမယ့် အနေအထားမှာဆိုရင် မြန်မာနိုင်ငံကပဲကတော့ လက်ရှိမှာဆက်ပြီးသွားမယ့်အနေအထားမှာရှိပါတယ်။ သို့သော်လည်း အိန္ဒိယအစိုးရက ဒီ ၈ လပိုင်းအကုန်အထိမှာ သူတို့ ‘ပဲ’ ဘယ်လောက်ထိသွင်းနိုင်မလဲ အဲဒီအပေါ်အခြေအနေကြည့်ပြီး သူ့မှာလည်း နိုင်ငံကထွက်နိုင်တဲ့အထွက်နှုန်း ဘယ်လောက်ရှိနိုင်လဲ ဒီအပေါ်မှာ အခြေခံပြီးမှသူတို့။ အကယ်၍ လိုအပ်တယ်ဆိုရင် ဆက်ပြီးတော့ ကျနော်တို့ဆီကို ခုနက quota ( ခွဲတမ်း) လည်းမပြည့်သေးဘူး၊ အထွက်လည်းနည်းမယ် ဆိုရင်တော့ ရက်တွေကို extend လုပ်မယ့်အနေအထားရှိပါတယ်။”

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ကုန်တွေ တင်ပို့နေတဲ့ တရုတ်နိုင်ငံမှာလည်း ရာသီဥတု ဆိုးဝါးမှုတွေကြောင့် လိုအပ်ချက်တွေ ရှိလာနိုင်တယ်လို့ လုပ်ငန်းရှင်တွေ ခန့်မှန်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ လိုအပ်ချက်တွေ ရှိလာခဲ့ရင် အခွင့်အလမ်းကို လက်မလွတ်အောင် ပြင်ဆင်ထားသင့်တယ်လို့လည်း မြန်မာနိုင်ငံ ကုန်သည်ကြီးများနဲ့ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောပါတယ်။ "ဆက်စပ်မှုတွေရှိနေတဲ့အတွက် မြန်မာနိုင်ငံကတော့ ဒါလေးတွေက ပြင်ဆင်ထားဖို့လိုသလို၊ expect ပေါ့ မျှော်လင့်ထားဖို့ ဟာကလေးတွေကလည်း လိုပါတယ်။ တဘက်နိုင်ငံက လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ complimentary ပေါ့နော်၊ တယောက်နဲ့တယောက်ကတော့ ရှိထားသင့်တယ်လို့ ထင်ပါတယ်။ လောလောဆယ်တော့ သူတို့အနေနဲ့တိုးဝယ်မှာတို့၊ လျှော့ဝယ်မှာတို့တော့ မရှိသေးပါဘူး။ တချို့အိန္ဒိယ ကုန်သည်အသင်း အနေနဲ့တော့ propose လုပ်မယ်လို့တော့ လျာထားတာတွေရှိပါတယ်။ ဒါကိုရှေ့ဆက်ပြီးတော့ ဆွေးနွေးဖို့တော့ရှိပါတယ်။"

အိမ်နီးချင်းနိုင်ငံတွေမှာ လိုအပ်ချက်တွေအရ မြန်မာနိုင်ငံက စိုက်ပျိုးထုတ်ကုန်တွေကို ဝယ်ယူနိုင်တဲ့ အလားအလာတွေ ရှိနေပေမဲ့ သတိထားစရာတွေ ရှိနေတာကိုလည်း ကျွမ်းကျင်သူတချို့ ထောက်ပြနေကြတာပါ။ အထူးသဖြင့် မြန်မာနိုင်ငံက စိုက်ပျိုးထွက်ကုန်တွေကို တင်ပို့ရောင်းချရာမှာ လက်တွေ့အကျိုးရှိအောင် ပြင်ဆင်ထားဖို့လိုက်တယ်လို့ စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောပါတယ်။ "သူတို့မှာလည်း တောင်သူလယ်သမားတွေကို အကာအကွယ်ပေးရတဲ့ဟာတွေ ရှိတယ်၊ သူတို့ဝယ်တယ်ဆိုတာ မတတ်သာတဲ့အဆုံးမှ ဝယ်တာများပါတယ်။ နောက်တခုက ဝယ်တဲ့အခါမှာလည်း ဈေးသက်သာစွာနဲ့ ဝယ်ဖို့သူတို့ကြိုးစားကြမှာပဲ။ အိန္ဒိယက ပဲဝယ်တယ်ဆို ဒီလိုပဲဝယ်တာ၊ တရုတ်က ဆန်ဝယ်တယ်ဆိုတာလည်း ဒီလိုပဲဝယ်တာပဲ။ ကိုယ်ကရောင်းတဲ့ဈေးကွက်က ကိုယ်ရောင်းချင်တဲ့ဈေး ရချင်မှရတာ၊ ဘာလို့ဖြစ်တာလဲ စောစောကပြောသလို လိုတာထက် ပိုလျှံနေရင်လည်း ဖြစ်သွားတတ်တယ်။ အမြတ်အစွန်းများများ မရဘဲနဲ့နည်းတာပေါ့။ လုပ်ရတာနဲ့မတန်ဘူးပေါ့။ အဲလိုဖြစ်တဲ့ အတွက် လယ်သမားတွေက ဆင်းရဲမြဲဆင်းရဲနေတာ၊ မချမ်းသာလာဘူး။"

မြန်မာနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်ကကနေ ၂၀၂၀ မေလအထိမြန်မာနိုင်ငံနဲ့ အိန္ဒိယ နိုင်ငံကြား ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာသန်း ၉၂၀ကျော်ရှိပြီး တရုတ်နိုင်ငံနဲ့ကတော့ သန်း ၈,၃၀၀ ကျော်ရှိနေ ပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/

## ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာရမည့်အခြေခံမှုများထုတ်ပြန်

မြန်မာနိုင်ငံအတွင်း လုပ်ကိုင်လျက်ရှိသည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ချေးငွေများအပေါ် အတိုးတွက်ချက်ရာတွင် လိုက်နာရမည့်အခြေခံမှုများကို ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်လိုက်နာရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ကြေညာသည်။ အဆိုပါအဖွဲ့အစည်းများသည် ချေးငွေထုတ်ချေးရာတွင် နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခြင်း၊ အတိုးငွေများတွက်ချက်ခြင်း၊ ပြန်လည်ကောက်ခံရမည့် အရင်းနှင့်အတိုးနှုန်း သတ်မှတ်ခြင်းနှင့် အခြားအခကြေးငွေများကောက်ခံရာတွင် လိုက်နာရမည့်အချက်များကို ဗဟိုဘဏ်က သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ငွေကြေးကိစ္စရပ်များ ဆောင်ရွက်မှုတွင် ချေးငွေချေးယူသူနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအကြား ဗဟိုဘဏ်က သတ်မှတ်ထားသည့် နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ စည်းကမ်းချက်များမရှိသည့်အတွက် ငွေကြေးအရ စာချုပ် ပုံစံများ တစ်ခုနှင့်တစ်ခုမတူညီဘဲ ပြောင်းလဲနေခြင်းဖြစ်သည်။ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုခြင်းပြုလုပ်ရာတွင် စာချုပ်ပါသဘောတူညီချက်များကို ချေးငွေထုတ်ယူသူက လက်ခံပါက နှစ်ဦးနှစ်ဖက်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး ယင်းစာချုပ်တွင် ချေးငွေ ပမာဏ၊ တစ်နှစ်အတွက် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ဖော်ပြရမည်ဖြစ်သည်။ ယင်းချေးငွေ အတိုးနှုန်းဖော်ပြချက်တွင် ချေးငွေပြန်လည်ပေးဆပ်မှုများကိုပါ စာချုပ်တွင် ပူးတွဲဖော်ပြရမည်ဖြစ်ပြီး ငွေချေးယူသူရယူ ထားသည့် အရင်းချေးငွေအပေါ်တွင်သာ အတိုးနှုန်းကို အခြေခံတွက်ချက်ရမည့်အချက်များ ပါဝင်သည်။ ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများက ချေးငွေအပေါ်ကော်မရှင်ခကောက်ခံခြင်းနှင့် အခြားအခကြေးငွေများ ကောက်ခံပါက

အဆိုပါကောက်ခံမှုများအတွက် သီးခြားပွင့်လင်းမြင်သာစွာဖော်ပြရန်လိုအပ်ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

လက်ရှိ၌ မြန်မာနိုင်ငံတွင် ဗဟိုဘဏ်က ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်း ၂၉ ခုကို တရားဝင်လုပ်ကိုင်ခွင့်ပြုထားပြီး အဆိုပါလုပ်ငန်းများက မြန်မာနိုင်ငံအနှံ့ငွေချေးယူသူများကို ချေးငွေအထောက်အထားအလိုက် သတ်မှတ်ထားသည့် ချေးငွေများချေးပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့အစည်းများထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/356047/

## Google က အိန္ဒိယတွင် ဒေါ်လာ ၁၀ ဘီလျံရင်းနှီးမြှုပ်နှံ

Google က အိန္ဒိယမှာ လာမယ့်ငါးနှစ်ကနေ ခုနစ်နှစ်အတွင်း ဒေါ်လာ ၁၀ ဘီလျံရင်းနှီးမြှုပ်နှံသွားမယ်လို့ Alphabet Inc ကုမ္ပဏီက ကြေညာလိုက်ကြောင်း သိရပါတယ်။ အမှုဆောင်အရာရှိချုပ် Sundar Pichai က ဒီရင်းနှီးမြှုပ်နှံမှုကို အိန္ဒိယနိုင်ငံမှာ ဝန်ဆောင်မှု အသစ်တွေပေးနိုင်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဒစ်ဂျစ်တယ်နည်းပညာတွေအသုံးပြုနိုင်ရေးအတွက် အသုံးသွားမယ်လို့ ဆိုခဲ့ပါတယ်။ အင်တာနက်အသုံးပြုသူ သန်း ၅၀၀ ကျော်ရှိတဲ့အိန္ဒိယနိုင်ငံဟာ Google အတွက် အလားအလာ အရှိဆုံးဈေးကွက်တစ်ခုဖြစ်ပါတယ်။

India Digitisation Fund ကတစ်ဆင့် အိန္ဒိယနိုင်ငံသားတိုင်း ကိုယ်ပိုင်ဘာသာစကားနဲ့ သတင်းအချက်အလက်များ ဖတ်ရှုနိုင်ရေး၊ အိန္ဒိယရဲ့ အခြေခံလိုအပ်ချက်တွေနဲ့အညီ ဝန်ဆောင်မှုအသစ်များပေးနိုင်ရေး၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုနိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာ လူသား မှတ်ဉာဏ်တု နည်းပညာအသုံးပြုနိုင်ရေးတို့ ကို အဓိကထားလုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

**Source:** https://www.facebook.com/pyimyanmarnews/

## ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် တစ်နာရီလျှင်ရရှိမည့် အနိမ့်ဆုံးအခြေခံလုပ်ခလစာနှုန်းအား (၈၇၂၀) ဝမ်အဖြစ် (၁.၅) ရာခိုင်နှုန်းတိုးမြှင့်၍ သတ်မှတ်ရန်ဆုံးဖြတ်




ကိုရီးယားသမ္မတနိုင်ငံ၊ အနိမ့်ဆုံးအခြေခံလစာနှုန်းထားသတ်မှတ်ရေးကော်မရှင် (Minimum Wages Commission-) သည် ၂၀၂၁ ခုနှစ်အတွက် တစ်နာရီလျှင်ရရှိမည့် အနိမ့်ဆုံး အခြေခံလုပ်ခလစာနှုန်းအား (၈၇၂၀)ဝမ် (အမေရိကန်ဒေါ်လာ ၇.၂၆) အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ကြောင်း (၁၄-၇-၂၀၂၀) ရက်နေ့ နံနက်ပိုင်းတွင် Sejong Government Complex ၌ကျင်းပခဲ့သည့် MWC ၏ (၉)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးက ကြေညာခဲ့ပါသည်။ အဆိုပါနှုန်းထားသည် လက်ရှိ ၂၀၂၀ ပြည့်နှစ်၏နှုန်းထားထက် (၁.၅) ရာခိုင်နှုန်း၊ ငွေကြေး အားဖြင့် (၁၃၀) ဝမ်သာ ပိုမို ကြောင်း၊ COVID-19 ဆိုင်ရာ စီးပွားရေးအခက်အခဲကာလဖြစ်သည့်အတွက် ယင်းတိုးမြှင့်မှုနှုန်းထား သည် အနိမ့်ဆုံးအခြေခံလုပ်ခလစာနှုန်းစနစ်ကို ကိုရီးယားသမ္မတနိုင်ငံတွင် စတင်ကျင့်သုံးခဲ့သည့် (၁၉၈၈) ခုနှစ်မှစ၍ လက်ရှိကာလအထိ သက်တမ်းတစ်လျှောက်တွင် အနိမ့်ဆုံး သောရာခိုင်နှုန်းဖြင့် တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ်အတွက် နှုန်းထားအား ဆုံးဖြတ်ခဲ့စဉ်က (၂.၇) ရာခိုင်နှုန်း သာတိုးမြှင့်ခဲ့သည့်အတွက် အာရှဘဏ္ဍာရေးအကျပ်အတည်း(၁၉၉၈)ခုနှစ်နောက်ပိုင်းတွင် အနိမ့်ဆုံးနှုန်းထားဖြင့် တိုးမြှင့်မှုဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသော်လည်း၊ ယခုနောက်ဆုံးနှုန်းထားတိုးမြှင့် သတ်မှတ်မှုရာခိုင်နှုန်းသည် ယင်းထက်ပင် ပိုမိုနည်းပါးသည့် သက်တမ်းတစ်လျှောက်တွင် အနိမ့်ဆုံးသောနှုန်းထားအဖြစ် စံချိန်တင်လျက်ရှိကြောင်း သိရှိရပါသည်။

အလုပ်သမားများ၏ ဝင်ငွေအဆင့်အတန်း မြင့်မားရေးသည်အရေးကြီးသည်မှာ မှန်သော်လည်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးသည် ပိုမိုအရေးကြီးကြောင်း၊ ယခုကဲ့သို့ COVID-19 ကပ်ရောဂါကြောင့် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝှမ်း၏စီးပွားရေးသည် မရေရာမသေချာမှုများ ရင်ဆိုင်နေရသည့်ကာလမျိုးတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်မျှတစွာစဉ်းစားဆုံးဖြတ်ရန်လိုအပ်ကြောင်း၊ ဤဆုံးဖြတ်မှုတွင် ၂၀၂၀ ပြည့်နှစ်အတွက် ၀.၁% အထိသာ အမြင့်ဆုံး တိုးတက်လာနိုင်သည့်စီးပွားရေးတိုးတက်မှုနှုန်းအခြေအနေ၊ ၀.၄ % တိုးတက်နိုင်သည့် Consumer Prices နှင့် ၁ % အထိ မြင့်တက်လာနိုင်သည့် လူနေမှုစရိတ်တို့ကိုလည်းထည့်သွင်း၍စဉ်းစားခဲ့ရကြောင်း Sookmyung Women's University ၏ Professor Kwon Soon-won က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အလုပ်သမားအရေးဆောင်ရွက်သူများဘက်ကမူ ယခုနှစ် ဆုံးဖြတ်သည့်နှုန်းထားသည်တိုးမြှင့်သည်ဟု မဆိုနိုင်အောင်ပင်အဆိုးရွားဆုံးနည်းပါးသည့်နှုန်းထားဖြစ်ပါကြောင်း၊ အာရှ ဘဏ္ဍာရေးအကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရသည့် ၁၉၉၈ ခုနှစ်နှင့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း နှင့်ရင်ဆိုင်ခဲ့ရသည့် ၂၀၁၀ ခုနှစ်များတွင်ပင် ဤမျှ မနိမ့်ပါးခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် (၂.၇) ရာခိုင် နှုန်း၊ ၂၀၁၀ ခုနှစ်တွင် (၂.၇၅) ရာခိုင်နှုန်းဖြင့် အသီးသီး တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း ဝေဖန်ပြောဆိုလျက်ရှိကြပါသည်။

လုပ်ခနှုန်းထားအား လက်ရှိနှုန်းထားထက်လျှော့ချရန် (သို့မဟုတ်) တိုးမြှင့်မှုမပြုရန် ဆွေးနွေးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များအရေးဆောင်ရွက်သူများဘက်ကလည်း ယခုကဲ့သို့ (၁.၅) ရာခိုင်နှုန်း တိုးမြှင့်ခဲ့ခြင်းကို မကျေနပ်ကြဘဲ ရေရှည်တွင်အလုပ်ရှင်၊ စီးပွားရေးလုပ်ငန်းရှင် များအတွက် ဝန်ထုပ်ဝန်ပိုး ပိုမိုလာမည်ဖြစ်ပြီး၊ အစိုးရနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဤ COVID-19 စီးပွားရေးအကျပ်အတည်းတွင် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ မပြိုလဲစေဘဲ ရေရှည် လည်ပတ်နိုင်စေရေးအတွက် ထပ်ဆောင်းဆောင်ရွက်ပေးသင့်သည့် အစီအမံများကို ကြိုတင်စဉ်းစား၍ ပြင်ဆင်ထားသင့်ကြောင်း၊ ပြီးခဲ့သည့် (၃)နှစ် အတွင်း နှုန်းထားအား စုစုပေါင်း (၃၀) ရာခိုင် နှုန်းကျော် တိုးမြှင့်ပေးခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းများလည်ပတ်ရန် လွန်စွာခက်ခဲခဲ့ရသည်မှာ အများအသိပင်ဖြစ်ပြီး၊ ယခုကဲ့သို့ (၁.၅) ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ပေးမည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများအနေဖြင့် ရေရှည်ရပ်တည်နိုင်ရန် အလွန်အမင်းခက်ခဲလာမည်ဖြစ်ကြောင်း၊ ဤဆုံးဖြတ်ချက်သည် ငယ်ရွယ်သော အလုပ်အကိုင် အခွင့်အလမ်းရှာဖွေနေသူများနှင့် နေ့စား အလုပ်သမားများ ၏ အလုပ်အကိုင်ရှားပါးမှုအခက်အခဲကို ပိုမိုတိုးမြှင့်ရာရောက်ကြောင်း စသဖြင့် The Federation of Korean Industries က သုံးသပ်ပြောကြားခဲ့ကြောင်းသိရှိရပါသည်။




အစိုးရပိုင်းမှ တာဝန်ပေးထားသော ကိုယ်စားလှယ်များ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သည့် ဤအနိမ့်ဆုံး အခြေခံလုပ်ခလစာနှုန်းထားသတ်မှတ်ရေးကိစ္စသည် သင့်လျော်သည့် ဆုံးဖြတ်ချက်ကို မြန်မြန်မရရှိနိုင်ခဲ့ဘဲ ကိန်းဂဏန်း Figures များအပေါ်တွင် တွက်ချက်လျက် မကြာခဏ ဆုံးဖြတ်ချက ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြသည်ဟု The Korea Enterprises Federation ဝေဖန်ပြောဆိုခဲ့ပါသည်။ အလုပ်သမားအရေးဆောင်ရွက်သူများဘက်မှ မူလတွင် (၁၆.၄) ရာခိုင်နှုန်းအထိ တိုးမြှင့်လိုခဲ့ရာမှ (၉.၈) ရာခိုင်နှုန်းသို့ပြောင်းလဲခဲ့ပြီး၊ လုပ်ငန်းရှင်များအရေးဆောင်ရွက်သူများဘက်မှ မူလက (၂.၁) ရာခိုင်နှုန်းအထိ လျှော့ချလိုခဲ့ရာမှ (၁) ရာခိုင်နှုန်းလျှော့ချရန် ပြောင်းလဲဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အနိမ့်ဆုံးလုပ်ခလစာနှုန်းသတ်မှတ်ရေးဆိုင်ရာဥပဒေအရ အဆိုပါ ၂၀၂၁ ခုနှစ်အတွက် နှုန်းထားအသစ်အား အလုပ်သမားဝန်ကြီးမှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၅)ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ အသက်ဝင်မည်ဖြစ်ရာ လက်ရှိတွင် သတ်မှတ်နှုန်းထားအောက်လျော့နည်း၍ လုပ်ခလစာ ရရှိနေသော ဝန်ထမ်း (၄.၀၈)သန်းသည်လည်း ဤနှုန်းထားအသစ်နှင့်အကျုံးဝင်သဖြင့် အကျိုးခံစားခွင့်ရရှိနိုင်ကြောင်း သိရှိရပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများမှ သွင်းကုန်များအား အိန္ဒိယအစိုးရက ပိုမိုစိစစ်ဖွယ်ရာရှိခြင်း

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအား အခြားနိုင်ငံများမှတစ်ဆင့် တင်သွင်းမှုပြုလုပ်လာနိုင်မည့် အခြေအနေကို တားဆီးနိုင်ရန်အတွက် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံနှင့်လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့်နိုင်ငံများမှ ကုန်စည်တင်သွင်းမှုများအား မြန်ဆန်စွာ နောက်ကြောင်းခြေရာခံနိုင်မည့် အကောက်ခွန်ဥပဒေပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

Economic Times သတင်းဌာနက အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များအား အလွဲအသုံးပြုခြင်း ရှိ/မရှိကို စစ်ဆေးရန်အတွက် အကောက်ခွန်အရာရှိများအား လုပ်ပိုင်ခွင့်အပ်နှင်းရေးနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့်ဆက်စပ်လျက်ရှိသည့် နည်းဥပဒေပြဌာန်းချက်များကို ပြင်ဆင်ချမှတ်ပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ကြောင်း၊ အဆိုပါဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ၎င်းတို့အနေဖြင့် တတိယကြားခံနိုင်ငံများမှ တင်သွင်းလာမည့် သံသယဖြစ်ဖွယ်ရာ ကုန်စည်တင်သွင်းမှုများကို တင်းကျပ်စွာ စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်ဟုပြောကြားကြောင်း၊ ယခုအခါ ၎င်းနည်းဥပဒေ လုပ်ထုံးလုပ်နည်းများအား အတည်ပြုပြဌာန်းနိုင်ရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေပြီဖြစ်ကြောင်းဖော်ပြပါသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ်ဘဏ္ဍာရေးဥပဒေ၌ ကုန်သွယ်မှုသဘောတူညီချက်များအောက်ရှိ ပင်ရင်းနိုင်ငံစည်းမျဉ်းအား စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အခန်းအသစ်တစ်ရပ်ကို ထည့်သွင်းထားရှိရာ အထောက်အထားများမပြည့်စုံခြင်း၊ အချက်အလက်များအား အတည်ပြုနိုင်မှုမရှိခြင်းတို့ဖြစ်ပေါ်ပါက ပေးအပ်ထားသည့် အကောက်ခွန်ကင်းလွတ်မှု အခွင့်အရေးအားငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းတို့ကို လုပ်ဆောင်နိုင်သည့်အခွင့်အာဏာအား ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်သို့ အစိုးရကအပ်နှင်းခွင့်ရှိပါသည်။

အိန္ဒိယနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် ဒေသတွင်းလွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များအား လက်မှတ်ရေးထိုးထားသည့်အပြင် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံအချို့နှင့် နှစ်နိုင်ငံကုန်သွယ်မှုစာချုပ်များလက်မှတ်ရေးထိုးထားရှိရာ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ တောင်ကိုရီးယားနှင့်အာဆီယံဒေသတွင်းနိုင်ငံများမှ တင်သွင်းလာမည့်ကုန်စည်များမှာ ပိုမိုစိစစ်မှုခံရဖွယ်ရှိကြောင်း Economic Times သတင်းဌာနက ရေးသားဖော်ပြပါသည်။

**Source: India–China tussle: Government seeks stricter checks on Sri Lanka, Bangladesh, South Korea, Asean imports, 6 Jul 2020, Economic Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (15.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Jul. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,000 | 1,990 | 19,989,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,750 | 7,014 | 26,648,200 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 19 | 152,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 114 | 2,508,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 4,100 | 11,275,000 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 1,176 | 3,175,200 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.16 | +0.00 | +0.00% | 443.16 | 443.16 | 434.05 | 14,413 | 63,747,900 | 6 | 659,411 |

### Index chart




## Market Overview

As of 1:00 pm, 15th Jul. 2020

| MYANPIX | 443.16 ▲ 0.00 |
|---|---|
| Total Volume (shares) | 14,413 |
| Total Value (MMK) | 64 mil |
| Listed Company | 6 |
| Market Cap. (MMK) | 659,411 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |